## (၃၀-၁၀-၂၀၂၀) မှ (၅-၁၁-၂၀၂၀)ထိဆန်ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေ

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် International Rice Market Website တွင်ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ညှော့မထ(၅%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၈ ဖြင့်လည်းကောင်း၊ ညှော့မထ(၂၅%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၃ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရပါသည်။ ထိုင်းဆန် ဈေးနှုန်းများမှာ (၁၀၀%)ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၁ ဖြင့်လည်းကောင်း၊ ညှော့မထ(၅%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၅ ဖြင့်လည်းကောင်း၊ ညှော့မထ(၂၅%) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၉ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၉ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ညှော့မထ (၅%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၃ ဖြင့်လည်းကောင်း၊ ညှော့မထ(၂၅%) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၈ ဖြင့်လည်းကောင်း ရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ညှော့မထ(၂၅%) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၈ ဖြင့်လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် Reuters သတင်းတစ်ရပ်တွင် ဖော်ပြချက်အရ ဗီယက်နမ်နိုင်ငံတွင် ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် ဆန်ရောင်းလိုအား လျော့နည်းလာသဖြင့် ယခုတစ်ပတ်တွင် ဗီယက်နမ် ဆန်ပို့ကုန်ဈေးများ မြင့်တက်ခဲ့ပြီး ဗီယက်နမ် ငါးမှတ်ဆန်ဈေးသည် ယခင်တစ်ပတ်က တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၅-၄၉၅ ဒေါ်လာအကြား ရပ်တည်ခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တန်လျှင် ၄၉၅ ဒေါ်လာသို့ မြင့်တက်လာခဲ့သည်ကို တွေ့ရှိရပါသည်။ ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းတွင် ရေကြီး၊ မြေပြိုမှုများကြောင့် လူသန်းပေါင်းများစွာ ထိခိုက်ခဲ့ရပြီး ပြည်တွင်းဆန်ဝယ်လိုအား မြင့်တက်လာကြောင်း အန်ကျင်းပြည်နယ်အခြေစိုက် ကုန်သည်တစ်ဦးမှ ပြောကြားခဲ့သည်ကို သိရှိရပါသည်။ ယခုနှစ် ပထမ ၁၀ လအတွင်း ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် နှစ်အလိုက် လေးရာခိုင်နှုန်း ကျဆင်း၍ တန်ချိန် ၅ ဒသမ ၂၉ သန်းသာ ရှိခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံတွင် ပို့ကုန်လုပ်ငန်းများတွင် ရထားကုန်တွဲများရရှိရေး အခက်အခဲ ကြုံနေကြရပြီး ဆန်တင်ပို့သည့် ပင်မဆိပ်ကမ်းတစ်ခုတွင်လည်း ပြည့်ကျပ်နေသဖြင့် ထောက်ပံ့ပို့ဆောင်ရေး အခက်အခဲများကြောင့် ပြည်ပသို့ ဆန်တင်ပို့မှုကို နှေးကွေးစေလျက်ရှိကြောင်း သိရှိရပါသည်။ ကုန်သေတ္တာခများ အဆမတန် မြင့်တက်လာခြင်းကလည်း ကုန်သည်များကို ထိခိုက်စေကြောင်း အိန္ဒိယ ဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌ B. V. Krishna Rao က ပြောကြားခဲ့သည်ကို သိရှိရပါသည်။

အိန္ဒိယ ငါးမှတ်ပေါင်းဆန်ဈေးသည် ယခင်တစ်ပတ်က တစ်တန်လျှင် ၃၇၂-၃၇၇ ဒေါ်လာ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တန်လျှင် ၃၇၀-၃၇၅ ဒေါ်လာသို့ လျော့ကျလာခဲ့ပြီး ရူပီး ငွေကြေး တန်ဖိုးကျဆင်းခြင်းကြောင့်လည်း ပို့ကုန်လုပ်ငန်းများမှာ ဆန်ဈေးကိုသက်သာစေရန် လျှော့ချပေးနိုင်ကြသည်ဟု တောင်ပိုင်း အန္ဒရဒေသပြည်နယ်၊ ကာကီနာဒါမြို့ အခြေစိုက် ပို့ကုန်လုပ်ငန်းရှင် တစ်ဦးက ပြောကြားခဲ့သည်ကို သိရှိရပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရောဂါကပ်ဘေးကို ပိုမိုဆိုးရွားစွာ ရင်ဆိုင်နေရချိန် ပြည်တွင်း ဆန်ရောင်းလိုအား ကျဆင်းလာခြင်းနှင့်အတူ ပြည်တွင်းဆန်ဈေး မြင့်တက်ခြင်းတို့နှင့်ပါ ကြုံတွေ့နေကြရသည်ကို သိရှိရပါသည်။ ဘင်္ဂလားဒေ့ရှ်အစိုးရသည် အစောပိုင်းတွင် အရန်ဆန် ဖြည့်တင်းရေး အစီအစဉ် မျှော်မှန်းချက်မမီ ဖြစ်ခဲ့ရပြီး ယခုအခါ နိုဝင်ဘာလတွင် စပေါ်မည့် စပါးသီးနှံကို နှစ်ဆနီးပါး တိုးမြှင့်ဝယ်ယူရန် စီစဉ်ထားကြောင်း၊ အစိုးရသည် တောင်သူထံမှ မိုးစပါးမှ ထွက်ရှိသည့် ဆန်တန်ချိန် ၆၅၀၀၀၀ ဝယ်ယူသွားမည်ဖြစ်ရာ ယခင်နှစ်က ဝယ်ယူခဲ့မှု တန်ချိန် ၃၈၀၀၀၀ ထက် မြင့်တက်လာမည်ဖြစ်ကြောင်း စားနပ်ရိက္ခာဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ကို သိရှိရပါသည်။

ထိုင်းနိုင်ငံတွင် ငါးမှတ်ဆန်ဈေးမှာ ယခင်တစ်ပတ်က တစ်တန်လျှင် ၄၃၅-၄၄၀ ဒေါ်လာတွင် ရပ်တည်ခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တန်လျှင် ၄၅၂-၄၈၀ ဒေါ်လာသို့ ပြန်လည် မြင့်တက်လာခဲ့သည်ကို တွေ့ရှိရပါသည်။ ပြည်တွင်းဝယ်လိုအား မြင့်တက်လာခဲ့ပြီး ကုန်သဘော်ာတချို့ဆီမှ အမှာအော်ဒါ လက်ခံရရှိနေကြောင်း ဘန်ကောက်မြို့ အခြေစိုက်ကုန်သည်တစ်ဦးက ပြောကြားခဲ့

သည်ကို သိရှိရပါသည်။ ဈေးမြင့်တက်မှုမှာ ကာလတိုသာ ဖြစ်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ(ယာယီ) စာရင်းများအရ ဆန်နှင့်ဆန်ကွဲပြည်ပတင်ပို့မှုအနေဖြင့် ဆန်တန်ချိန် ၁ ဒသမ ၆၁၀ သန်းခန့်၊ တန်ဖိုးအနေဖြင့် အမေရိကန်ဒေါ်လာ ၅၂၇ ဒသမ ၉၆၃ သန်း၊ ဆန်ကွဲတန်ချိန် သုည ဒသမ ၉၇၆ သန်းကျော်၊ တန်ဖိုးအမေရိကန် ဒေါ်လာ ၂၆၆ ဒသမ ၄၂၅ သန်းခန့်တင်ပို့နိုင်ပြီး ဆန်နှင့်ဆန်ကွဲ စုစုပေါင်း အနေဖြင့် တန်ချိန် ၂ ဒသမ ၅၈၆ သန်းကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၇၉၄ ဒသမ ၃၈၈ သန်း တင်ပို့နိုင်ခဲ့ပါသည်ကို သိရှိရပါသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်နေ့မှ ၃၀ ရက်(ယာယီ)အထိ တွင် ဆန်နှင့် ဆန်ကွဲ ပြည်ပတင်ပို့မှုအနေဖြင့် ဆန်တန်ချိန် သုည ဒသမ ဝ၆၅ သန်း၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၂၆ ဒသမ ၃၇၉ သန်း၊ ဆန်ကွဲတန်ချိန် သုည ဒသမ ဝ၄၆ သန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၆ဝ၈ သန်း၊ ဆန်နှင့် ဆန်ကွဲ တန်ချိန် သုည ဒသမ ၁၁၁ သန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၉၈၇ သန်းတင်ပို့နိုင်ခဲ့ပါကြောင်း သိရှိရပါသည်။ ယင်းတင်ပို့မှု များသည် ပင်လယ်ရေကြောင်းနှင့် နယ်စပ်ဒေသများမှတစ်ဆင့် တင်ပို့နိုင်ခြင်း ဖြစ်ပါသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အောက်တိုဘာလ ၁ ရက်မှ ၃၀ ရက်အထိ(ယာယီ) စာရင်း များအရ ဆန်နှင့် ဆန်ကွဲ အများဆုံးတင်ပို့နိုင်ခဲ့သည့် နိုင်ငံများမှာ တရုတ်၊ ဘယ်လ်ဂျီယမ်၊ ပိုလန်၊ မလေးရှား၊ ထိုင်း၊ ဟန်ဂေရီ၊ UK ၊ အင်ဒိုနီးရှား၊ ဂျာမနီနှင့် ဖိလစ်ပိုင်နိုင်ငံတို့ ဖြစ်ကြပါ သည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းတစ်ယွမ်လျှင် ၁၉၅ ကျပ်နှုန်းရှိပြီး ဧည့်မထ ၂၅% ဆန်တစ်အိတ်လျှင် ၂၂၄၂၅ ကျပ်မှ ၂၃၄၀၀ ကျပ်ကြား ပေါက်ဈေးရှိကြောင်း သိရှိ ရပါသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၄ ရက်

နေ့တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၁ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၂၃၀၀၊ မုံရွာမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ၂၂၀၀ ကျပ်နှင့် ကလေးမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၁၉၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ပြီး ရန်ကုန်မြို့တွင် ဧည့်မထဆန်တစ်ပြည် လျှင် ကျပ် ၁၂၀၀၊ ဘားအံမြို့တွင် ကျပ် ၁၁၀၀ နှင့် စစ်တွေမြို့တွင်ကျပ် ၁၀၅၀ တို့ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန် ဈေးနှုန်းမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၆၀ ရာခိုင်နှုန်းဈေးနှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလဆန်းပိုင်းတွင် နိုင်ငံတကာဆန်ဈေးနှုန်းများတွင် အတက်/ အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/ အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

**ကေသွယ်(တန့်ဆည်မြေ)**